# ကွယ်လွန်သူတစ်ဦးပိုင်ဆိုင်ခဲ့သော အမွေဥစ္စာများ

## အတွက် ဆက်သွယ်ရေးလမ်းညွှန်


ကျွန်ုပ်တို့ကို ဆက်သွယ်ပါ

1300 360 044

www.pt.qld.gov.au/customers


ဤလမ်းညွှန်ချက်သည် ကွင်းစလန်ပြည်နယ် အများပြည်သူ၏ ယုံကြည်အပ်နှင်းခြင်းခံရသည့်အဖွဲ့ (Queensland Public Trustee) မှ စီမံခန့်ခွဲနေသည့် ကွယ်လွန်သူတစ်ဦးပိုင်ဆိုင်ခဲ့သော အမွေဥစ္စာကို အကျိုးခံစားခွင့်ရှိသူဖြစ်ခဲ့လျှင် ကျွန်ုပ်တို့ သင့်အား မည်သို့ဆက်သွယ်မည် ဆိုသည့်အကြောင်း ရှင်းပြထားပါသည်။

### ပူဆွေးသောကရောက်နေချိန်တွင် ဆက်သွယ်ခြင်း

ချစ်ခင်မြတ်နိုးရသူတစ်ဦးကို ဆုံးရှုံးရသည်မှာ ဘယ်သောအခါမှ မလွယ်ကူပါ။ သင်နှင့်သွေးနီးသောသူတစ်ဦး သေဆုံးသည့်အခါ သင် ပူဆွေး သောကရောက်နေချိန်တွင် အမွေကိစ္စ ဆောင်ရွက်ရခြင်းမှာ ခက်ခဲနိုင်ပါသည်။ ဘာတွေကို လုပ်ဆောင်ရမည် ဆိုသည်နှင့် သင်က မည်သည်တို့ လုပ်ရန် လိုအပ်သည် ဆိုသည့်အကြောင်း စဉ်းစားရန်မှာ သင့်အား အလွန် စိတ်ထိခိုက်စေနိုင်ပါသည်။ ကျွန်ုပ်တို့၏ ကွယ်လွန်သူတစ်ဦးပိုင်ဆိုင်ခဲ့သော အမွေဥစ္စာဆိုင်ရာအဖွဲ့က လုပ်ငန်းစဉ်အလိုက် တစ်ဆင့်ခြင်း လမ်းညွှန်သွားမည်ဖြစ်ကာ သင်မေးမြန်းလိုသည်များနှင့် စိတ်ပူပန်မှုများကို တောက်လျှောက် ဖြေကြားသွားမည် ဖြစ်ပါသည်။

အချို့သောသူများအတွက်မှာ သူတို့သည် လုပ်ငန်းစဉ်ကို မြန်ဆန်စွာ လုပ်သွားရန် အဆင်သင့် ဖြစ်နေပါသည်။ အခြားသူများအတွက်မှာမူ၊ သူတို့သည် အမွေဥစ္စာကို မစဉ်းစားမီ မိမိတို့၏ ပူဆွေးသောကရောက်ခြင်းကို အရေးယူဆောင်ရွက်ရန် အချိန်ပိုပြီး ပေးဖို့လိုအပ်ပါသည်။ သင့်အခြေအနေ မည်သို့ပင်ဖြစ်စေကာမူ သင် အဆင်သင့်ဖြစ်သည့်အခါ သင်နှင့်အတူ ပူပေါင်းလုပ်ဆောင်ရန် အဆင်သင့် ရှိနေမည် ဖြစ်ပါသည်။



▼ အမွေဥစ္စာကို အုပ်ချုပ်စီမံ ဆောင်ရွက်ရာတွင် အဓိက အရေးကြီးသည့် စကားလုံး အသုံးအနှုန်းများအတွက် ဆက်သွယ်မည့် နည်းလမ်းများ ဖြစ်ပါသည်။

#### အမွေဥစ္စာကို စတင်ပြီး အုပ်ချုပ်စီမံ ဆောင်ရွက်ခြင်း

**အမွေဥစ္စာကို အဓိက အကျိုးခံစားခွင့်ရှိသူနှင့် ဆက်သွယ်ခြင်း**

- ကနဦး ဆက်သွယ်မှု (တယ်လီဖုန်း သို့မဟုတ် လူကိုယ်တိုင်)
- စတင်ပါဝင်လာခြင်းပြုသည့် အစည်းအဝေး (ဖုန်း၊ ဗစ်ဒီယိုနှင့်ပြုလုပ်သော ညှိနှိုင်းဆွေးနွေးပွဲ သို့မဟုတ် လူကိုယ်တိုင်)။
- အတည်ပြုသည့် စာ

#### အမွေဥစ္စာကို အုပ်ချုပ်စီမံ ဆောင်ရွက်ခြင်း

**အမွေဥစ္စာကို အကျိုးခံစားခွင့်ရှိသူ အားလုံးနှင့် ဆက်သွယ်ခြင်း**

- စာဖြင့် ရေးသားဆက်သွယ်ထားခြင်းများ (2 လတိုင်း တစ်ကြိမ်ကျ)
- သိကောင်းစရာ အချက်အလက်များ နှင့် ဝေဖန်အကြံပြုခြင်းများအတွက် တယ်လီဖုန်းဆက်ခြင်း/ အီးမေးလ် ပို့ခြင်း

#### အမွေဥစ္စာကို အုပ်ချုပ်စီမံ ဆောင်ရွက်မှုကို အပြီးသတ် လုပ်ဆောင်ခြင်း

**အမွေဥစ္စာကို အကျိုးခံစားခွင့်ရှိသူ အားလုံးနှင့် ဆက်သွယ်ခြင်း**

- သင့် ဘဏ်ဆိုင်ရာ အသေးစိတ် အချက်အလက်များ အတည်ပြုရန် ဖုန်းဆက်ခြင်း
- အမွေဥစ္စာကို အုပ်ချုပ်စီမံမှု အပြီးသတ် ဆောင်ရွက်ပြီးဖြစ်ကြောင်း စာဖြင့် အတည်ပြုပေးပို့ခြင်း

### အမွေဥစ္စာကို အဓိက အကျိုးခံစားခွင့်ရှိသူနှင့် ကနဦးအဆက်အသွယ်

ကွယ်လွန်သူတစ်ဦး၏ အမွေဥစ္စာအကြောင်းကို ကျွန်ုပ်တို့ သတိမူမိပါက ကျွန်ုပ်တို့သည် ထိုအမွေဥစ္စာနှင့် ပတ်သက်သည့် အုပ်ချုပ်စီမံမှု လုပ်ငန်းစဉ်ကို စတင် ဆောင်ရွက်ရေးအတွက် ဆွေးနွေးရန် အဓိက အကျိုးခံစားခွင့်ရှိသူနှင့် ဆက်သွယ်ပါသည်။

ကနဦး တယ်လီဖုန်းဖြင့် ဆက်သွယ်ပြီးနောက် ထိုအမွေဥစ္စာနှင့်ပတ်သက်ပြီး အသေးစိတ် အချက်အလက်များ ပြုစုရေးအတွက် နောက်ထပ် အချက်အလက်များ တောင်းခံပါမည်။ ဤသို့ပြုလုပ်ရာတွင် သင်က ထိုအမွေဥစ္စာနှင့်ပတ်သက်ပြီး မည်သည့် အချက်များ သိကြောင်း ပြောပြရန် ဝန်ဆောင်မှုယူသူ၏ ကိုယ်ရေးအချက်အလက်များ ပုံစံနှင့် အဓိက စာရွက်စာတမ်းများ ဖြည့်စွက်ပြီး လုပ်ငန်းစဉ်ကို စတင်ပါမည်။

## စတင်ပါဝင်လာခြင်းပြုသည့် အစည်းအဝေး

လိုအပ်သည့် စာရွက်စာတမ်းများ ရပြီးသည်နှင့်တပြိုင်နက် ကျွန်ုပ်တို့သည် အဓိက အကျိုးခံစားခွင့်ရှိသူနှင့်အချက်အလက်များကို ပြန်လည်စိစစ်ရန် ရက်ချိန်းပေး ဆောင်ရွက်ပါမည်။ အစည်းအဝေးတွင် ကျွန်ုပ်တို့က ထိုအမွေဥစ္စာ စီမံခန့်ခွဲခြင်း နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များ၊ ကျွန်ုပ်တို့၏ ဝန်ဆောင်ခများနှင့် ကြာမြင့်မည့် ခန့်မှန်းအချိန်တို့အတွက် နောက်ထပ် အချက်အလက်များ ပေးနိုင်ပါသည်။ အခြားသော အကျိုးခံစားခွင့်ရှိသူများသည်လည်း ဤအစည်းအဝေးကို တက်ကောင်း တက်နိုင်ပါသည်။

ကျွန်ုပ်တို့သည် လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ သို့မဟုတ် ဗစ်ဒီယိုနှင့်ပြုလုပ်သော ညှိနှိုင်းဆွေးနွေးပွဲ မှတစ်ဆင့်သော်လည်းကောင်း တွေ့ဆုံနိုင်ပါသည်။ ပထမဆုံး တွေ့ဆုံဆွေးနွေးပွဲမှာ ကျွန်ုပ်တို့ ဖော်ပြပါအချက်အလက်များ ဆောင်ရွက်ရန် အခွင့်အရေးတစ်ခု ဖြစ်ပါသည် -

- သေတမ်းစာအရ အကျိုးခံစားခွင့်ရှိသူများသည် မည်သည့် ခံစားပိုင်ခွင့်များရှိကြောင်း အသိပေးခြင်း
- အမွေဥစ္စာကို အုပ်ချုပ်စီမံ ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်တွင် မည်သည်တို့ပါဝင်ကြောင်း ရှင်းပြခြင်း
- အမွေဥစ္စာကို အကျိုးသက်ရောက်မှု ရှိနိုင်သည့် အကြောင်းအရာ ကိစ္စများနှင့်ပတ်သက်ပြီး ဆွေးနွေးခြင်း
- လုပ်ငန်းစဉ်တစ်လျှောက် သင်နှင့် ဆက်သွယ်နိုင်သော အကောင်းဆုံး နည်းလမ်းကို အတည်ပြုခြင်း တို့ဖြစ်ပါသည်။

## ကွယ်လွန်သူတစ်ဦး၏ အမွေဥစ္စာကိစ္စကို ကျွန်ုပ်တို့၏ ကွယ်လွန်သူတစ်ဦး ပိုင်ဆိုင်ခဲ့သော အမွေဥစ္စာဆိုင်ရာအဖွဲ့ကို တာဝန်ပေးခြင်း။

စတင်ပါဝင်လာခြင်းပြုသည့် အစည်းအဝေးအပြီးတွင် အမွေဥစ္စာကိစ္စသည် ကွယ်လွန်သူတစ်ဦး ပိုင်ဆိုင်ခဲ့သော အမွေဥစ္စာဆိုင်ရာအဖွဲ့ကို တာဝန်ပေးခြင်းပြုပါမည်။ သူတို့က အမွေဥစ္စာကို အုပ်ချုပ်စီမံ ဆောင်ရွက်ခြင်း လုပ်ငန်းစဉ် တစ်လျှောက်လုံး သင့်အဓိက အဆက်အသွယ် ဖြစ်ပါလိမ့်မည်။

ပါဝင်ပတ်သက်ကြောင်း ဖော်ထုတ် အသိအမှတ်ပြုထားသည့် အကျိုးခံစားခွင့်ရှိသူများသည် အဓိက သိကောင်းစရာများ အသိပေးခြင်းနှင့် နောက်ထပ် အချက်အလက်များ ဖြည့်စွက်ပြီး ကျွန်ုပ်တို့ထံ ပြန်ပို့ရန် ပထမဆုံးသော စာဖြင့်ဆက်သွယ်ခြင်းကို ရက်သတ္တနှစ်ပတ်အတွင်း ရရှိပါလိမ့်မည်။

## ပုံမှန် ဆက်သွယ်ခြင်းများ စဉ်ဆက်မပြတ် (2 လတိုင်း တစ်ကြိမ်ကျ)

ကျွန်ုပ်တို့သည် နှစ်လပြည့်တိုင်း တစ်ကြိမ်ကျ စာဖြင့်ရေးသားထားသည့် အချိန်နှင့် တပြေးညီ ပြင်ဆင်ချက်များကို ပေးပို့ပါမည်။

- မည်သည့်လုပ်ဆောင်ချက်များ ဆောင်ရွက်ပြီး ဖြစ်ကြောင်း
- မည်သည့်လုပ်ဆောင်ချက်များကို ဆက်လက် ဆောင်ရွက်မည် ဖြစ်ကြောင်း
- မူလက အသိပေးထားသည့် ခန့်မှန်း ကုန်ကျငွေအပေါ် အချိန်နှင့် တပြေးညီ ပြင်ဆင်ချက်များနှင့် အဘယ်ကြောင့် ပြင်ဆင်ရသည်ဟူသည့် အကြောင်းပြချက်များ
- အချိန်နှောင့်နှေးမှုများ ဖြစ်စေနိုင်သည့် ကိစ္စရပ်များ
- ကိစ္စရပ်များကို ရှေ့ဆက်တိုးတက်မှု ရှိစေရန်သင့်ထံမှ နောက်ထပ် လိုအပ်သည့် အချက်အလက်များ သို့မဟုတ် စာရွက်စာတမ်းများကို တောင်းခြင်း
- အမွေဥစ္စာအတွက် သိရှိထားသော ရပိုင်ခွင့် ရှိသည်များနှင့် ပေးရန်ရှိသည်များအပေါ် အချိန်နှင့် တပြေးညီ အသိပေးခြင်း တို့ဖြစ်ပါသည်။

ဤသို့ စာရွက်စာတမ်းဖြင့် မှတ်တမ်းတင်ထားသည့် အချိန်နှင့် တပြေးညီ ပြင်ဆင်ချက်များအပြင် ကျွန်ုပ်တို့က သင့်အား သင်ကပေးထားသည့် ဘဏ်နှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များနှင့် အခြား အချက်အလက်များကဲ့သို့သော ကိစ္စရပ်များကို အတည်ပြုရန် အီးမေးလ်ဖြင့် ဖြစ်စေ၊ သို့မဟုတ် တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်ပါမည်။

ဝန်ဆောင်မှုယူသူ အများစုက ဤ ပုံမှန် အချိန်နှင့် တပြေးညီ ပြင်ဆင်ချက်များက သူတို့ကို ဤလုပ်ငန်းစဉ်အကြောင်း အသိပေးရန် လုံလောက်သည်ဟု ယူဆပါသည်။ သို့သော်၊ အကယ်၍ သင်က နောက်ထပ် ဆက်သွယ်မှုများ ရလိုလျှင် သို့မဟုတ် အချက်အလက်များကို ကျွန်ုပ်တို့ထံမှ ဦးစားပေးအလိုက် ရလိုလျှင် သင် စတင်ပါဝင်လာခြင်းပြုသည့် အစည်းအဝေးတွင် ကျွန်ုပ်တို့ကို အသိပေးပါ။

## အကျိုးခံစားခွင့်ရှိသူများအား ရပိုင်ခွင့် ရှိသည်များကို ခွဲဝေပေးခြင်း

အမွေဥစ္စာကို အပြီးသတ် ခွဲဝေရာတွင် အချိန်ကြာမြင့်မှုမှာ ထိုကိစ္စရပ် မည်မျှရှုပ်ထွေးသည် ဆိုသည့်အပေါ် မူတည်ပါသည်။ ပျမ်းမှအားဖြင့် အမွေဥစ္စာကို အပြီးသတ် ခွဲဝေခြင်းလုပ်ငန်း အများစုသည် 12 လ ကြာတတ်ပြီး အခြားခွဲဝေခြင်းများမှာ ထိုကိစ္စရပ် မည်မျှရှုပ်ထွေးသည် ဆိုသည့်အပေါ်မူတည်ပြီး ကြာမြင့်ချိန် နည်းခြင်း သို့မဟုတ် များခြင်းဖြစ်နိုင်ပါသည်။

ကျွန်ုပ်တို့မှာ အကျိုးခံစားခွင့်ရှိသူများအား ငွေကြေး သို့မဟုတ် ရပိုင်ခွင့် ရှိသည်များကို ခွဲဝေပေးရန် အဆင်သင့်ဖြစ်ပြီဆိုပါက သင့် ဘဏ်ဆိုင်ရာ အချက်အလက်များကို မေးမြန်းအတည်ပြုပြီး မကြာမီကာလအတွင်း ငွေကြေး သို့မဟုတ် ရပိုင်ခွင့် ရှိသည်များကို သင့်အား လွှဲပေးတော့မည်ဖြစ်ကြောင်း အသိပေးပါမည်။

တစ်ခါတစ်ရံတွင် အမွေဥစ္စာ ခွဲဝေခြင်းကိစ္စရပ် အပြီးမသတ်မီအချိန်တွင်ပင် ရပိုင်ခွင့်ရှိသည်များထဲမှ တစ်စိတ်တစ်ပိုင်းကို ခွဲဝေပေးနိုင်ပါသည်။ အကယ်၍ ဤကဲ့သို့သော အခြေအနေဖြစ်လာပါက သင့်ကို အသိပေးနေမည်ဖြစ်ပြီး မည်သည့်အချိန်တွင် အမွေဥစ္စာ ခွဲဝေခြင်းကိစ္စရပ် အပြီးသတ် လုပ်ဆောင်နိုင်မည်ဟု ယူဆကြောင်း ပြောပြပါမည်။

## အမွေဥစ္စာကို အုပ်ချုပ်စီမံ ဆောင်ရွက်မှုကို အပြီးသတ် လုပ်ဆောင်ခြင်း

အမွေဥစ္စာများနှင့်ပတ်သက်၍ အပြီးသတ် စီစဉ်ပြုလုပ်ပြီးသည့်အခါ ကျွန်ုပ်တို့က သင့်အား ဖုန်းဆက်အကြောင်းကြားကာ တရားဝင် စာဖြင့်လည်း အတည်ပြုပေးပါမည်။ ဤဆက်သွယ်မှုတွင် အမွေဥစ္စာများနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များနှင့် ယင်းတို့ကို မည်သို့ခွဲဝေကြောင်း၊ ပေးဆပ်ရန်များ မည်သည်တို့ကို မည်မျှပေးကြောင်း၊ ကုန်ကျငွေများနှင့် အသုံးစရိတ်များ အားလုံးကို တွက်ချက်ရှင်းပြထားပါသည်။

### သင့် ဝေဖန် အကြံပြုခြင်း

အမွေဥစ္စာများနှင့်ပတ်သက်ပြီး အပြီးသတ် စီစဉ် ပြုလုပ်ပြီးသည့်အခါ ကျွန်ုပ်တို့က သင့်အား ဆက်သွယ်ပြီး ကျွန်ုပ်တို့၏ ဝန်ဆောင်မှုနှင့် ပတ်သက်သော ဝေဖန် အကြံပြုချက်များကို တောင်းပါမည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်တို့ ပိုမိုတိုးတက် ကောင်းမွန်အောင် ပြုလုပ်နိုင်သော နေရာများကို သိရှိစေပြီး ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးသူများကိုလည်း မတူထူးခြား ကောင်းမွန်သည်များကို လုပ်ဆောင်ပေးနေကြောင်း ပြသပါသည်။

A-communication-guide-for-deceased-estates-2PP-v1-June-2025